HOME PRODUCTION



# သူ့အတွက်က အနုပညာ ကျမအတွက်တော့ ဒဏ်ရာ

## နေဘုန်းလတ်

သူ့အတွက်က အနုပညာ
ကျွန်မအတွက်တော့
ဒဏ်ရာ

***

## (၃)
## “ မင်းကိုယ်ဟန်ပြပေးရုံနဲ့တော့ ငါမြင်ရမှာမဟုတ်ဘူး”

အခန်းလေးရဲ့ငြိမ်သက်မှုက ပြင်းအားတစ်ခုနဲ့ စိတ်ကိုဖမ်းစားထားတယ်။ ရွှံ့နဲ့ထုတဲ့ပန်း ပုရုပ်များစွာရဲ့ ခင်းကျင်းစီရီထားပုံမှာ အနုပညာအငွေ့အသက်တွေ စိမ့်ဝင်ရောပါနေသလိုလို။ ပြီးတော့ အရောင်တွေ…၊ နံရံ၊ စားပွဲ၊ ကုလားထိုင်၊ ပန်းအိုး၊ ပန်း…နေက်…နံရံကပ် သစ်သား စင်လေးတွေနဲ့ အဲ့ဒီသစ်သားစင်းလေးတွေပေါ်က ရွှံ့ပန်းပုရုပ်တွေ…အဲ့ဒါတွေအားလုံးရဲ့ အရောင် ဖွဲ့စည်းပုံတွေက မြင်ရသူတွေရဲ့ ရင်ထဲက ခံစားချက် တစ်ခုခုကို တူးဆွနှိုက်ထုတ်နေကြသလိုလို။ ဘယ်လိုသက်ရှိမျိုးမှ ရှိမနေပေမယ့် ခံစားချက်လှိုင်းတွေနဲ့ သက်ဝင်လူး လွန့်နေတဲ့ အခန်းလေးပဲ။

“မင်း…ရောက်ပြီလား…”

နောက်ဘက်ကနေ ထွက်လာတဲ့ အသံကြောင့်သူမရဲ့စိတ်အာရုံတွေ သူမဆီ ပြန်ရောက် လာတယ်။ သူမလှည့်မကြည့်ခင်မှာပဲ အရိပ်တစ်ခုက သူမကိုကျော်ဖြတ်ပြီး အနီးဆုံးခုံတစ်ခုမှာ ဝင်ထိုင်လိုက်တယ်။ ဂျင်းဘောင်းဘီအပြာ၊ လက်ခေါက်ထားတဲ့ အဖြူရောင် ရှပ်အင်္ကျီလက်ရှည်၊ ပြီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ အနက်ရောင်လေးထောင့် နေကာမျက်မှန်တစ်လက်…။ သူက သူ့ရဲ့လက်တစ်ဖက်ကိုသုံးပြီး သူ့ရှေ့ကခုံမှာလာထိုင်ဖို့ ဖိတ်ခေါ်တယ်။

“အခုပဲရောက်တာပါ။ အသံမပြုမိတဲ့အတွက် တောင်းပန်ပါတယ်”

“ဒီအခန်းလေးထဲကိုဝင်ဖို့ ပိတ်မထားတဲ့တံခါးက အသံပြုခေါ်စရာမှမလိုခဲ့တာလေ။ ငါတို့ ချိန်းထားပြီးသားပဲ။ ကြိုစောင့်မနေတဲ့ ငါကသာတောင်းပန်ရမှာပါ”

သူညွှန်ပြတဲ့ခုံမှာ သူမဝင်ထိုင်လိုက်ပြီး ရှေ့တည့်တည့်ကသူ့ကိုကြည့်လိုက်မိတယ်။ သူတို့ နှစ်ယောက် အကြည့်ချင်းဆုံကြတယ်။ ဒါမှမဟုတ် သူတို့နှစ်ယောက် အကြည့်ချင်း ဆုံတယ်လို့ ထင်ရတယ်။

“ရှင် ကျွန်မကိုချိန်းတဲ့ကိစ္စက ဘာအတွက်လဲ…”

ရိပ်မိနေပြီးသားဖြစ်ပေမယ့် အတိအကျ သိချင်တဲ့စိတ်နဲ့ သူမမေးလိုက်မိတယ်။

“ငါ ပထမဦးဆုံးအနေနဲ့ မိန်းကလေးတစ်ယောက်ရဲ့အလှကို ပန်းပုထုချင်စိတ်ဖြစ်လာလို့ပါ။ အဲ့ဒါ မင်း ငါ့ကို အကူအညီပေးနိုင်လိမ့်မယ်လို့ ငါထင်တယ်လေ”

သူပြောတဲ့စကားကိုကြားမှ သူမအခန်းထဲက ပန်းပုရုပ်တွေ အားလုံးကို နောက်ထပ်တစ်ခါ ဝေ့ဝဲကြည့်လိုက်မိတယ်။ ဟုတ်တယ်။ အမျိုးသမီးတစ်ယောက်ရဲ့ ရုပ်ပုံဆိုလို့ ဘာတစ်ခုမှမရှိဘဲ… ပန်းပုရုပ် တွေအားလုံးဟာ တိရိစ္ဆာန်လေးတွေ၊ ပန်းပွင့်တွေ၊ ဒါမှမဟုတ် သင်္ကေတမဲ့အရာဝတ္ထုပုံတွေ…။

“မင်း ငါ့အတွက်ကိုယ်ဟန်ပြပေးနိုင်မလား”

ဒါ…သူမရဲ့အလုပ်ပဲ။သက်မှတ်ထားတဲ့ငွေကြေးပမာဏကို ပေးချေနိုင်တဲ့ ဘယ်သူ့အတွက်မဆို သူမလုပ်ပေးနိုင်တဲ့အလုပ်ပဲ။ ဒါကိုသူကဘာလို့ ရေးကြီးခွင်ကျယ် လုပ်ပြီး မေးနေရတာ လဲ။

“ဒါ ကျွန်မရဲ့ အသက်မွေးမှုလုပ်ငန်းပဲလေ။ ဘာမှမလုပ်ပေးနိုင်စရာ အကြောင်း မရှိပါဘူး။ အဲ ရှင်ကသာ တန်ရာတန်ကြေးပေးမယ်ဆိုရင်ပေါ့…”

သူမ အဲဒီ လိုပြောတော့ သူက ကပျာကယာနဲ့ လက်ကာပြတယ်။

“ငါ့ရဲ့ တောင်းဆိုမှုကို မင်းအလောတကြီးလက်မခံပါနဲ့ ဦး။ မင်းတောင်းသမျှ အခကြေးငွေ ကို ငါပေးနိုင်တယ်၊ ဒါပေမဲ့ ပြဿနာက ငွေရေးကြေးရေးမဟုတ်ဘူး ”

ဒါဆို ဘာလဲ…၊ သူမပါးစပ်ကနေထုတ်မေးဖို့ပြင်လိုက်ပေမယ့် သူမ မမေးရခင်မှာပဲ သူကစကား ကို ဆက်ပြောတယ်။

“တစ်ခြားသူတွေ ပြောနေကျအတိုင်း ကိုယ်ဟန်ပြပေးနိုင်မလားလို့သာမေးရတာ တကယ် တမ်က အဲဒီ ထက်မကဘူး”

သူက စကားကိုခဏဆိုင်းထားလိုက်ပြီး ခေါင်ကိုငုံလိုက်တယ်။ ပြီးတော့မျက်မှန်ကို ခပ်ဖြည်း ဖြည်းချွတ်ရင်း တစ်လုံးချင်းဆက်ပြောတယ်။

“ငါက မျက်စိတွေကွယ်နေတယ်၊ မင်း ကိုယ်ဟန်ပြပေးရုံနဲ့ တော့ ငါမြင်ရမှာ မဟုတ်ဘူး”

အကောင်းပကတိမျက်လုံးတွေနဲ့ မခြားပေမယ့် ဆုံမှတ်လဲနေတဲ့ အကြည့်တွေက သူ့မျက် လုံးတွေ ဘာမှမမြင်ရဘူးဆိုတာကို ပြောပြနေသလိုပါပဲ။ သူမရဲ့ရင်တွေ ဘာမှန်း မသိတဲ့ခံစားမှုတစ် ခုနဲ့ တလှပ်လှပ်ခုန်လာတယ်။ ကိုယ်ဟန်ပြပေးရုံနဲ့ မလုံလောက်ဘူးဆိုတော့……..။ရှက်ရွံ့စိတ်တ စ်ဝက်ရောနေတဲ့ ထိတ်လန့်မှုက သူမရဲ့ပါးပြင် ကို ပန်းနုရောင်ဆိုး သွားတယ်။ သူက သူမကို မြင် သလိုနဲ့ ကြည့်နေတယ်။ မဖြစ်နိုင်လိုက်တာ… မဖြစ်နိုင်လိုက်တာ…။ မဖြစ်နိုင်လိုက်တာကွာ။ စိတ် ထဲမှာ အထပ်ထပ်ပေါ်လာနေတဲ့ ငြင်းဆန်မှုကို ဘာမှန်မသိတဲ့ အားတစ်ခုက ပြန်ပြန်ပြီး ချေဖျက် နေသလိုလို။ သူမရဲ့ အကြည့်တွေ သူ့ရဲ့လက်ချောင်း တွေဆီရောက်ရာက်သွားတယ်။ မြင်ရုံနဲ့တင်

နူညံ့ပျော့ပျောင်းမှန်းသိသာလွန်နေတဲ့ အကြည့်တစ်ချက်ကပဲ လက်ချောင်း သွယ်သွယ်တွေ။ အဲ့ဒီ လက်တွေဆီရောက်သွားတဲ့ အကြည့်တစ်ချက်ကပဲ သူမရဲ့ငြင်းဆန်ချင်နေတဲ့ စိတ်တွေအားလုံးကို သက်ပစ်ခဲ့တာ...

"ရှင့်လက်တွေကို ကျွန်မ ခဏကိုင်ကြည့်လို့ရမလား..."

ဆင်ခြင်တုံတရားက ကင်းလွတ်ပြီး နှုတ်ဖျားကနေ ထွက်ကျသွားတဲ့ စကားတစ်ခွန်းကို သူမ လိုက်ဖမ်းဖို့ သတိမရတော့ဘူး။ သူက ကျေနပ်ဝမ်းမြောက်စွာပဲ သူ့ရဲ့လက်တွေကိုသူမရဲ့ရှေ့မှာဖြန့် ပြတယ်။ အနည်ငယ်တုန်ယင်နေနိုင်တဲ့ သူမရဲ့လက်ကို သူများ ဆုပ်ကိုင်လိုက်မလားလို့ သူတွေမိ သေးတယ်။ ဒါပေမယ့် သူကတော့ လက်ကိုဖြန့်ရုံသာဖြန့် ထားရဲ့။ ဒီနူညံ့ပျော့ပျောင်းတဲ့ လက်တစ်စုံ ရဲ့ အထိတွေ့က ဘာကြောင့်များ ဒီလောက် တောင် သူမရဲ့စိတ်ကိုဆွဲဆောင်နိုင်လွန်နေတာလဲ။

သူမရဲ့အိမ်အပြန်လမ်းမှာ အဲ့ဒီလက်တစ်စုံရဲ့ထိတွေ့မှုကိုပြန်ရမယ့် မနက်ဖြန် တစ်ခုက က ပ်ပါလာတယ်။ သူမရဲ့နှလုံးသားကတော့ သူမရဲ့ ရင်ဘက်ထဲကနေ ခုန်ထွက် ပြီး အဲ့ဒီလ်က်တစ်စုံ ပေါ်မှာ တဒိတ်ဒိတ်ခုန်ရင်း ကျန်ရစ်ခဲ့တော့တယ်။

***

(၂)

## "အဲဒီ လက်တွေရဲ့ နူးညံ့သိမ်မွေ့မှာ

## သူမ ပင့်သက်တွေ အခါခါ"

သူစိမ်းယောကျ်ားတွေရဲ့ မျက်လုံးအကြည့်တွေအောက်မှာ ဘယ်လိုကိုနေ ဟန်ထားမျိုးနဲ့ပဲ ဖြစ်ဖြစ်၊ ဘယ်လိုအခြေနေမျိုးနဲ့ဖြစ်ဖြစ် သက်သောင့်သက်သာနေနိုင် ခဲ့ပေမယ့် အခုတော့ အဲဒီ ထက်ပိုတဲ့ ဆက်နွယ်ထိဆက်မှုတစ်ခုနဲ့ သူမရင်ဆိုင်ရတော့မယ်။

"ကျွန်မ…ဘယ်လိုထိုင်ပေးရမလဲ…"

သူ့ဆီကအဖြေတစ်ခုအစား သူမမျှော်လင့်မထားတဲ့ မေးခွန်းတစ်ခုကို ပြန် ပြန်ကြားလိုက်ရ တယ်။

"မင်းတစ်ခုခုကို အရူးအမူးမျှော်လင့်တောင့်တခဲ့ ဖူးသလား…"

သူမစဉ်းစားကြည့်တယ်။ မနေ့ကမတိုင်ခင်အထိတော့ အဲဒီ မေးခွန်းအတွက် သူမမှာအဖြေမ ရှိခဲ့ဘူး။ အခုတော့…သူမရုတ်တရက်မေ့ပြီး ခေါင်းညိတ်ပြလိုက်မိတယ်။ သူက အဖြေကို တိတ်တ ဆိတ်နဲ့ ငံ့လင့်နေတာတွေ့မှ သူမသတိရတယ်။

"ကျွန်မ…ခေါင်းညိတ်ပြလိုက်တယ်။ ဒါပေမယ့် ရှင်က မမြင်ဘူး"

သူက ခပ်ဖွဖွပြုံးတယ်။ ဘာအရိပ်ယောင်မှမပါတဲ့ ပေါ့ပါးလတ်ဆတ်တဲ့ အပြုံးမျိုး။

"ငါမမြင်ပေမယ့် မင်း ခေါင်းညိတ်လိုက်မယ်လို့တော့ ထင်ပါတယ်။ ပိုပြီသေချာ ချင်လို့သာ မင်းရဲ့အဖြေကို စောင့်နေတာ…"

သူကဘာဖြစ်လို့ အဲဒီ လိုထင်ရတာ လဲ။ သူမမေးချင်ပေမယ့်

မမေးဖြစ်ခဲ့ဘူး။ ဂျင်းဘောင်းဘီ အိတ်ထဲ လက်မကိုချိတ်ထားရင်း သူမရှိရာကိုကြည့်နေတဲ့ သူ့ဆီကဘာ စကားသံတွေ ထွက်လာမ လဲဆိုတာကိုဘဲ စောင့်နေလိုက်တယ်။

“မျှော်လင့်တောင့်တမှုတွေ ပြည့်နက်နေတဲ့ သတိရခြင်းမျိုးနဲ့ တစ်ခုခုကို နင့်နင့် သီးသီး လွမ်းဆွတ်တဲ့အခါ မင်း လုပ်မိတတ်တဲ့ ကိုယ်နေဟန်ထားမျိုး…”

ခက်ခက်ခဲခဲ ဖြက်သန်းကုန်လွန်ခဲ့ရတဲ့ ရှည်လျှားညတာတစ်ခုရဲ့ ပြင်းရှမှုက သူမစိတ်ထဲကို ရောက်ချလာတယ်။ ပြင်းပြတဲ့တောင့်တမှုတစ်ခုနှင့် သိပ်ကိုသတိရခဲ့ဖူးတာပေ့ါ။ အကောင် အထည် မရှိပေမယ့် ကပ်ငြိပါလာလိမ့်မလားဆိုတဲ့အတွေနဲ့ အဲဒီ အရိပ်အငွေ့သဲ့သဲ့ကလေးကို နမ်းရှိုက်ပွတ် သက်ရင်း တစ်ညတာလုံးကို အလွမ်းသက်သက်နဲ့ စီးဆင်းခဲ့ရတာလေ။ အိပ်လိုက်ရင် ပြန်နိုးမလာတော့မှာ စိုးရွံ့မိခဲ့တဲ့ည၊ အနီးကပ်ဆုံး မနက်ဖြန်ထဲကို အလျင်အမြန်ဆုံး ပြေးဝင်ထိဆက်ချင်နေခဲ့တဲ့ ည၊ လွဲချော်တတ်မှုတိုင်ကို စိတ်မှန်နဲ့တောင် မသိချင်ခဲ့တဲ့ည၊ သူမ အဲဒီ ညထဲကို ပြန်ရောက်သွားတ ယ်။

သူမဘယ်ပုံစံနဲ့ထိုင်နေခဲ့သလဲဆိုတာကို သိရရုံလေး သူ့လက်တွေက သူမရဲ့ ခန္ဓာကိုယ် အနှံ့ပေါ်ကို အခိုက်အတန့်ဖြတ်ပြေးသွားတယ်

“မင်း…ငိုနေတာလား…”

“ဟင့်အင်း…မဟုတ်ပါဘူး၊ ကျွန်မရဲ့လက်တွေကို ကျွန်မနမ်းနေတာပါ”

သူ တစ်ခုခုကိုစဉ်းနေသလိုလို ခပ်တွေတွေလေး လုပ်နေရင်းက သူမရဲ့ခြေ ထောက်တွေ ရှေ့မှာ ဒူထောက်ထိုင်ချလိုက်တယ်။ ပြီးတော့ သူ့ရဲ့လက်ချောင်းသွယ်သွယ် လေးတွေ သူမရဲ့ခြေ ထောက်လေးတွေကို လာထိတွေ့ကြတယ်။

ပြီးတော့ သူမရဲ့ ခြေဖမိုး

ပြီးတော့ ခြေကျင်းဝတ်

ပြီးတော့ ခြေသလုံး

ပြီးတော့..

ပြီးတော့...

ပြီးတော့....

ပြီးတော့.....ပြီးတော့...သူမရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖွဖွလေးရွေ့နေတဲ့လက်တွေရဲ့ လက် တွေရဲ့နူးညံ့ သိမ်မွေ့မှုက အပေါ်ယံအသားဆိုင်တွေကို ဖောက်ထွင်းပြီး နှလုံးသား ရဲ့အနက် ရှိုင်းဆုံး နေရာကို ရွရွလေးလာထိ တွေ့နေသလိုလို။

"မိန်ကလေးတစ်ယောက်ရဲ့ ပန်းပုရုပ်ကိုထုတဲ့အခါမှာ အဲဒီ မိန်ကလေးရဲ့ ရင်ခုန်သံကို အမိ ဖမ်းနိုင်ဖို့ကအရေးအကြီးဆုံးပဲလို့ ငါထင်တယ်"

သူမရဲ့ရင်ညွန့် အထက်နားဆီမှာ သူူရဲ့လက်တွေကို အသာအယာလေး ကပ်ထားရင်းက သူရှင်းပြတယ်။ သူမရဲ့ရင်ခုန်သံတွေသိပ်မြန်နေတာကို သူသိသွားမှာ သေချာပါတယ်။ မျက်လုံးတွေကို မှေးစက်ထားရင်း...ငြိမ်သက်နေတဲ့ သူ့ရဲ့နှုတ်ခမ်း ထောင့်စွန်းလေး တွန့်ကွေးသွားတာကို သူ မတွေ့လိုက်တယ်။

"ရှင်...ဘာဖြစ်လို့ပြုံးတာလဲ"

သူက သူမမေးတဲ့မေးခွန်းကိုမဖြေဘဲ ထူးဆန်းတဲ့စကားတစ်ခွန်းကိုပြောတယ်။

"ငါ့ရဲ့ပန်းပုရုပ်လေးကတော့ သိပ်ကို အသက်ဝင်နေတော့မှာပဲ"

ဗလာကျင်းနေတဲ့ ပခုံးတွေပေါ်ကိုဝဲကျနေတဲ့ သူမရဲ့ ဆံနွယ်စတွေဆီ သူ့ရဲ့လက် တွေရော က်သွားတယ်။ သူမရဲ့ ဆံပင်တွေကို ပွတ်သပ်ကိုင်တွယ်နေချိန်မှာတောင် သူ့လက် တွေရဲ့ဆွဲငင် အားက

ဆံချည်မျှင်တွေကတဆင့် သူမရဲ့ရင်ထဲကို ကူစက်လာနေသလိုလို၊ ပြည့်ဖောင်းတဲ့ သူရဲ့ လက်တွေ ဆံပင်ပေါ်ကနေ ပခုံးတွေပေါ်ကိုဆင်းသက်လာတယ်။ အဲဒီကနေတဆင့် သူမရဲ့လက်မောင်းသားတစ်လျှောက်ကို ညင်သာပျော့ပျောင်းစွာပဲ လျှောဆင်းသွားကြတယ်။ အဲဒီ လက်တွေရဲ့ နူးညံ့သိမ်မွေ့မှုမှာ သူမ ပင့်သက်တွေ အခါခါ။

"ကျွန်မကို တဖြည်းဖြည်း ညှို့သက်နေတာလားရှင်ရယ်…"

သူ့ကိုမကြားစေချင်တဲ့စကားတစ်ခွန်းက စိတ်ထဲမှာတင်ပဲ လွင့်ပျံပျောက်ကွယ် သွားတယ်။

***